# Pricing

| ပစ္စည်းတန်ဖိုး | အိမ်အရောက် | ROYAL EXPRESS ရုံးယူ |
|---|---|---|
| 3 သိန်းမှ 5 သိန်းအထိ | 19,000 | 15,000 |
| 5 သိန်းမှ 10 သိန်းအထိ | 24,000 | 20,000 |
| 10 သိန်းမှ 15 သိန်းအထိ | 34,000 | 30,000 |
| 15 သိန်းမှ 20 သိန်းအထိ | 44,000 | 40,000 |
| 20 သိန်းမှ 25 သိန်းအထိ | 54,000 | 50,000 |
| 25 သိန်းမှ 30 သိန်းအထိ | 59,000 | 55,000 |
| 30 သိန်းမှ 35 သိန်းအထိ | 64,000 | 60,000 |
| 35 သိန်းမှ 40 သိန်းအထိ | 69,000 | 65,000 |
| 40 သိန်းမှ 45 သိန်းအထိ | 74,000 | 70,000 |
| 45 သိန်းမှ 50 သိန်းအထိ | 79,000 | 75,000 |
| 50 သိန်းမှ 55 သိန်းအထိ | 84,000 | 80,000 |
| 55 သိန်းမှ 60 သိန်းအထိ | 89,000 | 85,000 |

- ဖော်ပြပါ Charges များသည် 10 Kg အထိ မည်သည့်မြို့နယ်ကို ပို့သည်ဖြစ်စေ ပြောင်းလဲခြင်း မရှိပါ။
- Packaging Service ပါရှိပြီးသား ဖြစ်ပါသည်။
- 10 Kg ကျော်လွန်ပါက 1 Kg လျှင် 2,000 ကျပ် ကောက်ခံသွားမည် ဖြစ်ပါသည်။
- ငွေကောက်ပါပါက ကောက်ခံပေးရမည့်ငွေပမာဏ၏ 0.3% အား COD Charges အနေဖြင့် ကောက်ခံသွားမည်ဖြစ်ပါသည်။ (စာချုပ်ချုပ်ဆိုထားသော Customer များအတွက်သာ)

## Extra *Liability*

“ သင့်ရဲ့တန်ဖိုးကြီး ပစ္စည်းတွေ ...
တန်ဖိုးထားရတဲ့ အရာတွေကို ...
Extra Care နဲ့ပို့ပြီး စိတ်အေးချမ်းမှုကို ရယူလိုက်ပါ။
Extra Care Service ဟာ အများဆုံး
သိန်း (၆၀) ဖိုး အထိ တာဝန်ယူပေးပါတယ်။

## Extra *Protection*

“ အကောင်းဆုံး Packaging Material များနဲ့
အသင့်လျော်ဆုံး ထုပ်ပိုးပေးပြီး လမ်းကြောင်း
တစ်လျှောက် သီးသန့် ဂရုစိုက်ပေးမှာ ဖြစ်တဲ့အတွက်
ထိခိုက် ပျက်စီးမှာကို စိုးရိမ်စရာ မလိုတော့ပါဘူး။
ဒါအပြင် Seal ပိတ်ပြီး လုံခြုံမှုကို ထပ်မံပေးဦးမှာပါ။

## Customizable *Delivery Solutions*

“ ပုံမှန် ဝန်ဆောင်မှုနဲ့ မလုံလောက်ဘဲ အခြားထူးခြားတဲ့
လိုအပ်ချက်တွေ ရှိနေပါသလား ?
Extra Care Team နဲ့ ညှိနှိုင်းတိုင်ပင်ပြီး
သင့်ရဲ့လုပ်ငန်း လိုအပ်ချက်နဲ့ အကိုက်ညီဆုံး ဖြစ်စေမယ့်
ဝန်ဆောင်မှုတစ်ခုကို ရယူလိုက်ပါ။

# WHY EXTRA CARE ?

**Extra** *Liability*

**Extra** *Protection*

**Customizable** *Delivery Solutions*

# TERMS & CONDITIONS

1 ပေးပို့သူများ၏ ချောစာ၊ပစ္စည်းများကို လုံခြုံရေးအရ ဖွင့်ဖောက်ကြည့်ရှု၍ ဓါတ်ပုံ၊ ဗီဒီယိုဖြင့် မှတ်တမ်းတင်ထားခြင်းကို ခွင့်ပြုရပါမည်။
ဖွင့်ဖောက်စစ်ဆေး၍ မရနိုင်သော မူလထုပ်ပိုးမှုပုံစံအတိုင်း ရှိသည့် ပါဆယ်များအား အဆိုပါမူလထုပ်ပိုးမှုအတိုင်းသာ မပျက်စီးစေဘဲ ပို့ဆောင်ပေးမည်ဖြစ်ပါသည်။ ပေးပို့သူသည် ပေးပို့သည့် (အတွင်း) ပစ္စည်းအတွက် တာဝန်ရှိပြီး တာဝန်ခံရမည်ဖြစ်ပါသည်။
ပေးပို့သူ လက်မှတ်ရေးထိုးထားသော ပါဆယ်ပေါ်ရှိ Seal အမှတ်အသား ပျက်စီး/ယိုယွင်းမှုမရှိပါက Extra Care Service သည် မူလထုပ်ပိုးမှု အတွင်းရှိ ပစ္စည်းအတွက် တာဝန်ခံမည် မဟုတ်ပါ။

2 ပေးပို့သူသည် ပေးပို့သော ချောစာ၊ ပါဆယ် ပစ္စည်း၏ မှန်ကန်သော မူလတန်ဖိုးအားဖော်ပြရပါမည်။

3 ပေးပို့သည့် ပစ္စည်းအပေါ် အတု၊ အစစ်၊ ပစ္စည်းအရည်အသွေး စသည့်အချက်အလက်များနှင့် ပတ်သတ်၍ Extra Care Service မှ လုံးဝတာဝန်မယူပါ။

4 ပေးပို့သည့်ပစ္စည်းအား လက်ခံမည့်သူ၏ အမည်၊ ဖုန်းနံပါတ်၊ နေရပ်လိပ်စာ အချက်အလက်များကို မှန်ကန်စွာ ဖော်ပြရမည်ဖြစ်ပါသည်။ ပေးပို့သူ ဖော်ပြထားသော လက်ခံသူမှတစ်ပါး အခြားမည်သူ့ကိုမှ လွှဲပြောင်းပို့ဆောင်ပေးမည်မဟုတ်ပါ။
အကယ်၍ ပစ္စည်းလက်ခံသူ၏ နေရပ်လိပ်စာ ပြောင်းလဲလိုပါက ပေးပို့သူအနေဖြင့် Extra Care မှ သတ်မှတ်ထားသည့် ပုံစံကို ဖြည့်သွင်းပြီး အတည်ပြုရမည် ဖြစ်သည်။

5 အကယ်၍ ပေးပို့သော ချောစာ၊ ပါဆယ် ပစ္စည်းများ ပျောက်ဆုံးမှု ဖြစ်ပေါ်ခဲ့လျှင် အများဆုံး လျော်ကြေးငွေ သတ်မှတ်ချက်မှာ ပေးပို့သူဖော်ပြခဲ့သည့် မူလတန်ဖိုးကိုသာ ပေးလျော်မည်ဖြစ်သည်။ အခြားအလားတူ ပစ္စည်းမျိုး လျော်ပေးမည် မဟုတ်ပါ။
အလုံးစုံ ပျောက်ဆုံး/ပျက်စီးခြင်းမဟုတ်သော ကိစ္စရပ်များအတွက် Extra Care Service မှ ဦးဆောင် ညှိနှိုင်းဆုံးဖြတ်သည့်အတိုင်း လက်ခံရမည်။

6 လက်ခံသူ(သို့မဟုတ်)ကိုယ်စားလက်ခံသူသည် ပါဆယ်/ပစ္စည်းအား လက်ခံသည့်နေရာ၌ ချက်ချင်း ဖွင့်ဖောက် စစ်ဆေး ကြည့်ရှုရန် တာဝန်ရှိပြီး လွဲမှားမှု တစ်စုံတစ်ရာရှိပါက ချက်ချင်းပြန်လည် ပြောကြားရမည် ဖြစ်ပါသည်။ လက်ခံပြီးမျက်ကွယ်၌ ဖွင့်ဖောက် စစ်ဆေးပြီးနောက် ဖြစ်ပေါ်လာသော မည်သည့်ကိစ္စရပ်ကိုမဆို တာဝန်မယူပါ။ ဖွင့်ဖောက်စစ်ဆေးခြင်းမရှိဘဲ လက်ခံပါက ပါဆယ်၊ ပစ္စည်း အခြေအနေနှင့် အရေအတွက်အား ပေးပို့စဉ်က အတိုင်း လက်ခံရရှိသည်ဟု မှတ်ယူမည် ဖြစ်သည်။

7 Extra Care Service သည် ပစ္စည်းလက်ခံသည့် အချိန်မှစတင်၍ လက်ခံသူထံ လွှဲပြောင်းပေးသည့် အချိန်အထိသာ တာဝန်ယူ ပေးသော ဝန်ဆောင်မှု ဖြစ်ပါသည်။
(မပေးပို့မှီနှင့် ပေးပို့ပြီးနောက် ဖြစ်ပေါ်လာသော ထိခိုက်၊ ပျက်စီး၊ လွဲမှားမှုများအတွက် တာဝန်မယူပါ။)

8 သတ်မှတ်ဖော်ပြထားသော လျော်ကြေးငွေကို ပြန်လည်ထုတ်ယူရမည်ဆိုပါက မူရင်းလက်ခံပြေစာနှင့်အတူ သတ်မှတ်ကာလ (၁)လ အတွင်း လာရောက်တောင်းခံနိုင်ပါသည်။ သတ်မှတ်ကာလ (၁)လထက် ကျော်လွန်ပါက လျော်ကြေးငွေအား ပြန်မအမ်းပါ။

9 ပေးပို့သူ၊ လက်ခံသူတို့၏ နိုင်ငံသားကတ်၊ Driving License ၊ Passport သို့မဟုတ် အခြားသော အထောက်အထားကတ် တစ်ခုခုအား တောင်းယူကြည့်ရှုခြင်းကို ခွင့်ပြုပေးရပါမည်။

10 အကယ်၍ပြဿနာ တစ်စုံတစ်ရာရှိလာလျှင် Terms and Conditions ပေါ်တွင် လက်မှတ်ရေးထိုးထားသော ပစ္စည်းပေးပို့သူနှင့်သာ ဖြေရှင်းသွားမည် ဖြစ်ပါသည်။

11 Waybill ပေါ်ရှိ အချက်အလက်များနှင့် လက်ခံသူ၏ အချက်အလက်များအား လက်ခံသူမှအပ အခြားမည်သူကိုမှ မျှဝေခြင်း မပြုလုပ်ရပါ။

12 စာရင်းသွင်းပြီးသော ချောစာ၊ ပစ္စည်းများအား ငွေပြန်မအမ်းပါ။

## ပေးပို့၍မရသောပစ္စည်းများ

- ဥပဒေအရ မလွတ်ကင်းသော စာ၊ ပစ္စည်းများ။
- သက်ရှိများ (သို့) သက်ရှိတို့၏ အကြွင်းအကျန်၊ အစိတ်အပိုင်းများ။
- ဘဏ်စာအုပ်၊ ဘဏ်ကတ်၊ ATM Card/Credit Card များ။
- မီးလောင်လွယ်စေသော ပစ္စည်းများ၊ ပေါက်ကွဲစေနိုင်သော ပစ္စည်းများ။
- လက်နက်(သို့) လက်နက်နှင့်ဆင်တူယိုးမှား ဖြစ်စေနိုင်သော ပစ္စည်းများ။
- အဆိပ်အတောက်ဖြစ်စေနိုင်သော ပစ္စည်းများ၊ ဓာတုပစ္စည်းများ။
- ပြန်လည်အစားထိုးပေးနိုင်ရန် ခက်ခဲသော စာရွက်စာတမ်း၊ ပစ္စည်းများ။
- ငွေစက္ကူများ၊ ငွေကဲ့သို့ တန်ဖိုးရှိသော ပစ္စည်းများ၊ ပေါက်မဲ ထီလက်မှတ်များ။
- ပုပ်သိုးလွယ်သော အစားအသောက်များ။
- 20 Kg (သို့) အလျား၊ အနံ၊ အမြင့် (၂၀" x ၁၂" x၁၂")ထက် ကျော်လွန်သော ပစ္စည်းများ။

EXTRA CARE BY ROYAL EXPRESS